# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 10, 2020 Volume 33, Number 8

| ၁၀.၇.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၀၃ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၁၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၃/- ကျပ် |
| CBM Rate | = ၁၃၆၉.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၄.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၃.၄၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၅.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၂.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၅၀.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၄၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၀၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၀၅ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၁.၀၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၇၆၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကမ္ဘာ့ဘဏ်မှချေးငွေ ဒေါ်လာသန်း ၂၀၀ ဖြင့် မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း NFASP ကို ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်တွင် စတင် အကောင်အထည်ဖော်မည်



ကမ္ဘာ့ဘဏ်မှ ချေးငွေ ဒေါ်လာသန်း ၂၀၀ ဖြင့် စားနပ်ရိက္ခာနှင့် စိုက်ပျိုး မွေးမြူရေး စနစ်ဖွံ့ဖြိုးရေးစီမံကိန်းMFASP ကို ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်၌ စတင်အကောင် အထည်ဖော်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ သိရ သည်။

မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်းကို မြန်မာနိုင်ငံ အလယ်ပိုင်း၊ မြန်မာနိုင်ငံ အောက်ပိုင်း၊ ကုန်းမြင့်နှင့် တောင်တန်းဒေသများ၊ ဧရာဝတီ မြစ်ဝကျွန်းပေါ်နှင့်စစ်တောင်းမြစ်ဝှမ်းဒေသများနှင့် ကမ်းရိုးတန်းဒေသများ၊ တိုင်းဒေသကြီး နှင့် ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

စီမံကိန်းဧရိယာအတွင်း စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာစေရန်၊ သီးနှံ အမည်စုံ ပိုမိုစိုက်ပျိုးလာနိုင်စေရန်၊ ရွေးချယ်ထားသော တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက်မှ စိုက်ပျိုးရေးထုတ်ကုန်များ၏ အရည်အသွေး ပိုမိုကောင်းမွန်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်မှု တိုးမြှင့်လာနိုင်စေရန်နှင့် အရေးပေါ်တုံ့ပြန်မှု အစီအစဉ်များ ဆောင်ရွက်ပေးနိုင်ရေးတို့ကို ရည်ရွယ်၍ အဆိုပါစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ်ဖွံ့ဖြိုးရေးစီမံကိန်းကို ကမ္ဘာ့ဘဏ်မှ ချေးငွေ ဒေါ်လာ သန်း၂၀၀ ဖြင့် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်အထိ စီမံကိန်းကာလ ငါးနှစ်ခွဲအတွင်း အကောင်အထည် ဖော်မည်ဖြစ်သည်။

COVID-19 ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍအပေါ် သက်ရောက် မှုများကို တုံ့ပြန်နိုင်ရေးနှင့် နိုင်ငံတော်ကရေးဆွဲလျက်ရှိသည့် တုံ့ပြန်ရေးမဟာဗျူဟာ အစီအစဉ်တွင် ပါဝင်နိုင်ရေးအတွက် ဆွေးနွေးလျက် ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

COVID-19 ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍအပေါ် သက်ရောက်

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

မှုကို ထိရောက်စွာတုံ့ပြန်နိုင်ရေးနှင့် နိုင်ငံတော်ကရေးဆွဲဆောင်ရွက်လျက်ရှိသည့် COVID-19 တုံ့ပြန်ရေးမဟာဗျူဟာ အစီအစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးရခြင်းဖြစ်ပြီး လုပ်ကွက်ငယ် တောင်သူများနှင့် စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများအတွက် ငွေကြေး ထောက်ပံ့မည့်အစီအစဉ်များ၊ ဈေးကွက်ခိုင်မာရေးနှင့် နည်းပညာပံ့ပိုး ပေးမည့်အစီအစဉ်များ၊ ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးမည့်အစီအစဉ်များ၊ Cash for Work ဆောင် ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်စပါးစိုက်ဧက ၁၇ ဒသမ ၈ သန်းခန့် စိုက်ပျိုးပြီး အထွက်နှုန်းအနေဖြင့် တစ်နှစ်လျှင် စပါးတန်ချိန် ၂၇ သန်းဝန်းကျင်ရှိကာ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်သည် ငါးနှစ်အတွင်းတန်ချိန် ၂၇ ဒသမ ၅ သန်းကျော်ဖြင့် အများဆုံး ထွက်ရှိသည့်နှစ်ဖြစ်ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ကိုးကားပြီးဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်ထားသည်။

လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သည့် မြန်မာနိုင်ငံအနေဖြင့် တောင်သူများ ဝင်ငွေတိုးတက်ရေးသည် နိုင်ငံစီးပွား ဖွံ့ဖြိုးရေးကို တိုက်ရိုက်အချိုးကျ ပတ်သက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝရေ မြေရာသီဥတုအရ စိုက်ပျိုးမြေဧရိယာ များစွာရှိသော်လည်း လက်ရှိအသုံးချစိုက်ပျိုးမှု ဧရိယာမှာ နည်းပါးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆိုသည်။

အရည်အသွေးပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် လယ်ယာထွက်ကုန်သီးနှံများ၊ ရေထွက်ပစ္စည်းနှင့် အသားငါးများ ကို ဈေးကွက်ဝယ်လိုအားနှင့် တိုက်ဆိုင်၍ တိုးတက်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေပြီး တစ်ဖက်တွင်လည်း ပြည်တွင်း ပြည်ပနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပါဝင်ပူးပေါင်းလာရေး ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/182089

## COVID-19 အနည်းငယ်တည်ငြိမ်လာသော်လည်း ငါးလုပ်ငန်းတွင် ပြည်တွင်း/ပြည်ပဈေးကွက်သို့ ရာခိုင်နှုန်း ၆၀ ခန့်သာ တင်ပို့နိုင်ပြီး ရာနှုန်းပြည့်မရောက်သေးဟုဆို



COVID-19 အနည်းငယ် တည်ငြိမ်လာသော်လည်း ငါးလုပ်ငန်းတွင် ပြည်တွင်း ပြည်ပတင်ပို့မှု ရာခိုင်နှုန်း ၆၀ ခန့်သာ တင်ပို့နိုင်ပြီး ရာနှုန်းပြည့်မရောက်သေးကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်မှ အထွေထွေ အတွင်းရေးမှူး ဦးဝင်းကြိုင်ကဇူလိုင် ၇ ရက်တွင် ပြောကြားသည်။ "မွေးမြူရေးငါးတွေပဲ ဈေးကွက်ထဲ မှာရှိတယ်။ COVID-19 ဖြစ်တဲ့အတွက် ဈေးကွက်ထဲက မွေးမြူရေးငါးတွေနဲ့ ဖြန့်ဖြူးနေတာပါ။ ပြည်တွင်းထိန်းချုပ်မှုတွေ ရှိနေ သေးတော့ ဒီစီးပွားရေး အခက်အခဲလည်းရှိနေတော့ အဲ့ဒီဘက်စုံ အခက်အခဲရှိနေတဲ့အပေါ်မှာ ပြည်တွင်း ဈေးကွက်ကလည်း အရင် ပုံမှန်အခြေအနေကို ပြန်မရောက်သေးဘူး။ ပြည်တွင်း ဈေးကွက် ကလည်း ကျွန်တော်တို့ ရာခိုင်နှုန်း ၆၀၊ ၇၀ လောက်ပဲ ရောက်သေးတယ်လို့ ကျွန်တော်တို့ ထင်တယ်။ ရာခိုင်နှုန်း ၃၀ နဲ့ ၄၀ လောက် လျော့နေသေးတယ်။ ပြည်ပကို တင်ပို့မှုကလည်း အဲဒီလိုပဲ ရာခိုင်နှုန်း ၆၀ နဲ့ ၇၀ လောက်ပဲ ပြန်ရောက်သေးတယ်" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောကြားသည်။

ငါးမွေးမြူရေးလုပ်ငန်း၌ ခြံများထဲတွင် ငါးများရှိကာ ဈေးကွက်ထဲတွင် လိုအပ်တိုင်း ဖော်ပေးနေသော် လည်း အရောင်း လျော့ခြင်းနှင့် ဈေးကျခြင်းစသော ဈေးကွက်ဆိုင်ရာ အခက်အခဲများ ရှိသည့်အတွက် စီးပွားရေး သဘောအရ ပုံမှန်အနေအထား ပြန်မရောက်သေးကြောင်း၊ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက် အနေအထားအရ ရာခိုင်နှုန်း ၆၀ နှင့် ရ၀ ကြားခန့်သာရှိပြီး

မူလအတိုင်း ပြန်ရောက်ရန်အတွက် အချိန်တစ်ခု စောင့်ရမည်ဖြစ်ကြောင်း၊ လက်ရှိ၌ မွေးမြူရေးငါးကိုသာ ပြည်တွင်း ပြည်ပ အတွက် အဓိကတင်ပို့နေရကြောင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ဆက်လက်ပြောကြားသည်။

COVID-19 ရောဂါဖြစ်သော်လည်း မြန်မာ့ရေထွက်ပို့ကုန်မှာ ယခင်နှစ်ထက် ဒေါ်လာသန်း ၁၀၀ ကျော် ပိုရသည့်အတွက် တိုးတက်မှုရှိလာကြောင်း၊ COVID-19 ရောဂါသည် အားလုံးကြုံရသည့်အတွက် အခက်အခဲ ရှိခဲ့သော်လည်း ရောဂါမဖြစ်ခဲ့လျှင် ရေလုပ်ငန်းသည် ယခုနှစ်တွင် အနည်းဆုံး ဒေါ်လာ သန်း ၉၀၀ အထိ ရနိုင်ပြီး COVID-19 ရောဂါဖြစ်လိုက်သည့်အတွက် အနည်းငယ် အဟန့်အတားဖြစ်သွားကြောင်း၊ ရေလုပ်ငန်းသည် အခြားလုပ်ငန်းများဖြစ်သည့် ဟိုတယ်လုပ်ငန်းနှင့် ခရီးသွား လုပ်ငန်းများကဲ့သို့ လုံးဝပိတ်လိုက်ခြင်း မဟုတ်ဘဲ ဆက်လက် လုပ်ကိုင်နေကြောင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောကြားသည်။

COVID-19 ရောဂါ ကာလအတွင်း ငါးဖမ်းလုပ်ငန်းသည် ဈေးကျပြီး ဝယ်လိုအား လျော့နည်းခဲ့ကြောင်း၊ အင်းအိုင်များနှင့် မြစ်ချောင်းများမှဖမ်း၍ရသည့် ငါးများကအင်းအိုင်ရာသီ ကုန်သွားပြီဖြစ်သည့်အတွက် ကုန်တက်သိပ်မရှိကြောင်း၊ မွေးမြူရေးငါး သည် နိုင်ငံတစ်ဝန်းသို့ တစ်နေ့လျှင် ပိဿာချိန် တစ်သိန်းခွဲခန့်သာ ရောင်းချခဲ့ ရကြောင်း သိရသည်။

ငါးဖမ်းရာသီအရ ရေငန်ငါးဖမ်းလုပ်ငန်းမှာ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ငါးဖမ်းဆီးမှု ပိတ်ထားပြီး ကမ်းနီးငါးဖမ်း လုပ်ငန်းများသာရှိကြောင်း၊ ယင်းအပြင် မေ၊ ဇွန်၊ ဇူလိုင်လများမှာ အင်းအိုင်များတွင် မွေးမြူ ထားသည့် ငါးများမှာ ဖမ်းဆီးချိန် မဟုတ်သေးကြောင်း၊ ယင်းကြောင့် ဈေးကွက်အတွင်း တင်ပို့နေသည့် ငါးများမှာ မွေးမြူရေးလုပ်ငန်းများမှ ငါးများသာဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/182090

## တရုတ်နိုင်ငံသို့ တင်ပို့မည့် လယ်ယာ ထွက်ကုန်များ ပျက်စီးမှု လျော့နည်းစေရေး တစ်ရက်လျှင် ကုန်တင်ယာဉ် အစီးရေ ၄၀ ခန့် ဦးစားပေး စစ်ဆေးမည်




တရုတ်နိုင်ငံသို့တင်ပို့မည့် လယ်ယာထွက်ကုန်များဖြစ်သော ပဲ၊ ပြောင်း၊ ကြက်သွန်များ ပျက်စီးမှုလျော့နည်းစေရေး မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ယာဉ်စစ်ဆေး ရေးကွင်း၌ တစ်ရက်လျှင် ကုန်တင်ယာဉ် အစီးရေ ၄၀ ခန့် ဦးစားပေးစစ်ဆေးမည်ဖြစ်ကြောင်း အဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း (မူဆယ်မြို့) ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်၏ပြောကြားချက်အရ သိရသည်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ကုန်စည်များကို တရုတ်နိုင်ငံ ကျင်စန်းကျော့နယ်စပ် ဂိတ်မှ ဝမ်တိန်ဘက်သို့ တင်ပို့နေသည့်အပြင် မာန်ဝိန်းနယ်စပ် ဂိတ်မှလည်း ကုန်တင်ယာဉ်များဖြင့် တင်ပို့လျက်ရှိသည်။

အပျက်အစီးလွယ်သော ကုန်စည်များဖြစ်သည့် ပဲ၊ ပြောင်း၊ ကြက်သွန်များသည် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၌ စစ်ဆေးခံရန် တစ်ပတ်ခန့်ကြာမြင့်နေသဖြင့် ပျက်စီးဆုံးရှုံးမှု အများအပြားဖြစ်ပေါ်နိုင်ခြင်းကြောင့် ယင်းကုန်စည်များ ကို ဦးစားပေးစစ်ဆေးပေးခြင်းဖြစ်ကြောင်း သိရသည်။

**Source:** http://www.myawady.net.mm/business/item/62134

## ကုန်စည်လိုင်းပေါင်း ၂,၁၀၀ ကျော်ကို လိုင်စင်မလိုဘဲ တင်ပို့နိုင်ရန် ဖြေလျှော့ပေး

COVID-19 ကာလအတွင်း ကုန်သွယ်မှုတိုးမြင့်ပြီး စီးပွားရေးလုပ်ငန်းရှင်များငွေနှင့် အချိန်ကုန်သက်သာစေရန် ပို့ကုန် လိုင်စင်လျှောက်ထားရမည့် ကုန်စည်အမည်များကိုဖြေလျှော့ပေးကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အကောက်အခွန်ဦးစီးဌာန၏ သတ်မှတ်ချက်စာရင်းအရ ပို့ကုန်ကဏ္ဍတွင် ကုန်စည်လိုင်းပေါင်း ၂,၁၀၀ ကျော်ကို လိုင်စင်မလျှောက်ဘဲ ပြည်ပတင်ပို့မည့်လုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဟု စီးပွားကူးသန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်က ပြောသည်။

ပို့ကုန်ကဏ္ဍတွင် လိုင်စင်နှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းကို ၉၀ ရာခိုင်နှုန်းခန့် အကောင်အထည် ဖော်ပေးခဲ့ကြောင်း ၎င်းက ဆိုသည်။ "လိုင်စင်ဖြေလျှော့တာက ကုန်သွယ်မှု လွယ်ကူချောမွေ့ဖို့နဲ့ ကမ္ဘာ့ဘဏ်ညွှန်းကိန်းတွေ တိုးတက်အောင် ရည်ရွယ်ပြီး ဆောင်ရွက်တာပါ"ဟု ဦးခင်မောင်လွင်က ပြောသည်။ နိုင်ငံတော် လုံခြုံရေးနှင့် သက်ဆိုင်သော ကုန်စည်များ၊ ဆန်ကဲ့သို့ ပြည်တွင်း စားနပ်ရိက္ခာနှင့် သက်ဆိုင်သော ကုန်စည်များက လိုင်စင်ဖြေလျှော့မှုတွင် မပါဝင်သေးပေ။ ထို့အပြင် တိရစ္ဆာန်အရှင်များ၊ ရှားပါးငါးမျိုးစိတ်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ဆေးဖက်ဝင်အပင်၊ အမြစ်နှင့် သစ်တောထွက်ပစ္စည်းများ၊ သတ္တု တွင်းထွက်ကုန် ကုန်ကြမ်းပစ္စည်းများလည်း ပါဝင်ခြင်းမရှိ ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ကန့်သတ်ဓာတုပစ္စည်း၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် ဓာတ်မြေသြဇာ၊ ရှေးဟောင်းပစ္စည်းများ အပါအဝင် ကုန်စည်လိုင်းပေါင်း ၁,၂၀၀ ကျော်သည် လိုင်စင်လျှောက်ထားရမည်ဟု အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။

COVID1-9 ကာလအတွင်း စီးပွားရေးကဏ္ဍတွင် အခက်အခဲများ ကြုံနေချိန် အစိုးရ၏ ဖြေလျှော့မှုများက ဝမ်းသာစရာကောင်းသည်ဟု မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။ ပို့ကုန်ကဏ္ဍ၏ အကုန်အမည်အများစုတွင် သွင်းကုန်ကဲ့သို့ လိုင်စင်ကြေးသတ်မှတ်ချက်မရှိသော်လည်း လိုင်စင်လျှောက်ထားရာတွင် ကြားခံဝန်ဆောင်မှုပေးသူများဖြင့် လုပ်ဆောင်ရခြင်းကြောင့် ငွေကြေးကုန်ကျမှုရှိသည်။ လိုင်စင် လျှောက်ထားစရာမလိုသည့် ယခုကြေညာချက်ကြောင့် ဝန်ဆောင်မှု ကုန်ကျစရိတ်သက်သာနိုင်မည်ဟု စီးပွားရေးလုပ်ငန်းရှင် အချို့က ပြောသည်။

COVID-19 ကပ်ရောဂါဖြစ်ပွားနေချိန် ကုန်သွယ်ရေးကဏ္ဍတွင် ဖြေလျှော့မှုများကို အစိုးရကဆောင်ရွက်ပေးခဲ့သည်။ သွင်းကုန်ကဏ္ဍတွင် လိုင်စင်ကြေးများကို ယခင်က လိုင်စင်တစ်စောင်လျှင် ၃၀,၀၀၀ ကျပ်မှ ၉၀,၀၀၀ ကျပ်အကြား စီးပွားရေးလုပ်ငန်းရှင်က ပေးရသော်လည်း လက်ရှိတွင်သွင်းကုန်ကဏ္ဍ၌ လိုင်စင်တစ်စောင်အတွက် ၃၀,၀၀၀ ကျပ်သာ ကောက်ခံသည်။

**Source:** https://7day.news/detail?id=191762

## ကြမ်းခင်းဈေးသတ်မှတ်ပေးသော်လည်း ဈေးနှိမ်မှုများကြုံနေဆဲဖြစ်သောကြောင့် ယခုနှစ် စပါးရာသီအတွက် ပူပန်မှုများရှိနေ

၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက် မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ပွဲတွင် အခြေခံရည်ညွှန်း ဆန်စပါးဈေးနှုန်း တစ်တင်း ၄၆ ပေါင်ပြည့်မီသော စပါးတင်း ၁၀၀ လျှင် ကျပ်ငွေ ၅ သိန်းဟု သတ်မှတ်ပေးခဲ့သည်။ ကြမ်းခင်းဈေးအတိုင်း ပေးချေကြသော်လည်း အလေးချိန်တိုးဝယ်ယူမှုများရှိခဲ့သည်။ "ဦးလေးတို့တောင်သူတွေက စပါးရိတ်သိမ်းပြီးတာနဲ့ မြေသြဇာအကြွေး၊ စိုက်ဘဏ်ချေးငွေ၊ အမျိုးမျိုးသော ငွေကြေးလိုအပ်ချက်တွေရှိတယ်။ ဒါကြောင့်သိသိကြီးနဲ့မတတ်သာပဲ ရောင်းကြရတယ်။ တိုင်ပြီးတော့ရော ဘာဖြစ်လာမှာလဲ၊ ဘယ်လိုလုပ်ပေးမှာလဲ မသေချာပဲ ဘာလုပ်နေမှာလဲ တိုင်မနေတော့ပါဘူး"ဟု ပဲခူးတိုင်း အရှေ့ပိုင်း၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ ထန်းကုန်ကျေးရွာမှ စပါးစိုက်ဧက ၃၀ ကို စိုက်ပျိုးလုပ်ကိုင်နေသူ တောင်သူကြီး ဦးလှကြိုင်မှ ပြောသည်။

ထိုကဲ့သို့ မှမမှန်ဝယ်ယူမှုများကို သိနားလည်သော တောင်သူတချို့ရှိသော်လည်း မြို့နယ်အလိုက် ပွဲစား၊ ဆန်စက်ရှင်ကြီးများ၊ ကုန်သွယ်ရေးလုပ်ငန်းရှင်များ၏ လက်ဝါးချင်းရိုက် သတ်မှတ်ချက်များကြောင့် တောင်သူများအနေဖြင့် အခွင့်အရေး မရှိခဲ့ကြောင်း သိရသည်။ ၂၀၁၉ ကစပြီး စပါးနှစ်ရာသီလုံးတွင် ဈေးကွက်ပြဿနာမှာ ပိုမိုဆိုးရွားခဲ့ကြောင်း သိရသည်။ စပါးရောင်းဝယ်ရေးလုပ်ရတာ ဈေးကွက်က လုံးဝမကိုက်တော့လို့ဆိုပြီး ပွဲစားတွေ ရွာမှာ အဝယ်မလာတော့ဘူး။ ဒါ့ကြောင့် အမတို့မြို့ပေါ်ကဆန်စက်ကြီးတွေဆီပဲ စပါးပို့ပြီး ကြိတ်ခွဲပြီး ဆန်ပြန်သွင်းခဲ့ကြရတယ်။ ဈေးနှုန်းကိုလည်း ဆန်စက်ကြီးတွေကပြောတဲ့ ပေါက်ဈေးနဲ့ပဲ ငွေရှင်းပေးတယ်။ ပြီးမှ အိတ်ခွံခ၊ တင်ပို့ရောင်းချပေးတဲ့ကားခ၊ ကြိတ်ခဆိုပြီးပြန်နှုတ်ယူထားတာ။ အမပြန်တွက်ကြည့်တော့ သူတို့ ပြန်နှုတ်ယူထားတဲ့အိတ်ခွံခက အပြင်ကအိတ်ခွံဈေးနှုန်းတွေထက် ပိုနေတာတွေ့တယ်။ အဲ့တော့သူတို့ ငွေရှင်း

ပေးတဲ့ပေါက်စျေးဆိုတာကရော အမှန်ဟုတ်ရဲ့လား။ အမတို့တောင်သူတွေ အတိအကျမသိကြဘူး ဟု ရေတာရှည်မြို့နယ်၊ ထန်းကုန်ကျေးရွာမှ စပါးစိုက်ဧက ၅ ဧကကို စိုက်ပျိုးလုပ်ကိုင်နေသော အမျိုးသမီး တောင်သူ ဒေါ်အေးစုလှိုင် က ပြောသည်။

ဤကဲ့သို့ ကြုံတွေ့ခဲ့ရမှုများကြောင့် ယခုနှစ်မိုးစပါးတွင် ဖြစ်ပေါ်လာမည့် ဆန်စပါးဈေးကွက်ကိုလည်း ထိုဒေသရှိ တောင်သူများအနေဖြင့် စိုးရိမ်စွာနားစွင့်နေကြကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/difficulties_of_paddy_market

## အဝယ်ဒိုင်တချို့ ပိတ်သိမ်းထားသဖြင့် ပလောပီနံစိုက်ပျိုးသူများ အခက်ကြုံတွေ့နေ



ရောဝတီတိုင်းတွင် ဖွင့်လှစ်ထားသည့် ပလောပီနံ အဝယ်ဒိုင်တချို့ ပိတ်သိမ်းသဖြင့် ပလောပီနံစိုက်ပျိုးသူများ အခက်ကြုံတွေ့နေကြောင်းသိရသည်။

၂၀၁၉ ခုနှစ်က ပလောပီနံအမှုန့် တစ်ပိဿာလျှင် ၁,၂၀၀ ကျပ်၊ ၂၀၂၀ ခုနှစ် မေလအကုန်ပိုင်းတွင် ပလောပီနံအမှုန့် တစ်ပိဿာလျှင် ၈၅၀ ကျပ် ဈေးနှုန်းများဖြင့် ရောင်းဝယ်ဖောက်ကားခဲ့ကြပြီး ယခုအခါ ဈေးကွက်မသေချာသည့်အခြေအနေကို တောင်သူများကြုံတွေ့နေရသည်။ ကျုံပျော်မှာ လာဖွင့်ထားတဲ့ ပလောပီနံဒိုင်ကလည်း အဝယ်ပိတ်ထားပါတယ်။ ဒီဖြစ်ရပ်က Covid-19 နဲ့ အများကြီးသက်ဆိုင်နေပါတယ်။ ပလောပီနံအမှုန့်ဈေးတွေ လုံးဝ မကောင်းတော့ဘူး။ တစ်ပိဿာကို ကျပ် ၇၀၀ ဈေးနဲ့ ရောင်းပေးမယ်ဆိုတာတောင် အဝယ်ဒိုင်ကမဝယ်တော့ပါဘူး။ အိမ်မှာဆို အိတ် ၁,၀၀၀ လောက် မရောင်းရဘဲ ကျန်နေပါတယ်ဟု ရောဝတီတိုင်း၊ ကျုံပျော်မြို့၊ အင်းရဲကျေးရွာရှိ ရွှေပုစွန်ပလောပီနံစက်မှ ဦးသန်းလတ် (ခ) ကိုလတ်ကြီးကပြောသည်။

ပလောပီနံစိုက်ပျိုးပါက တစ်ဧကစိုက်ပျိုးစရိတ် ပျမ်းမျှ (၃၀၀,၀၀၀)ကျပ် ကုန်ကျပြီး တစ်ဧကလျှင် ကလောဥ (၄,၅၀၀) ပိဿာထွက်ရှိသည်။ အဆိုပါ ကလောဥမှထုတ်လုပ်သည့် ကလောအမှုန့်ကို စားသောက်ဖွယ်ရာများပြုလုပ်ရာတွင် အသုံးပြုကြောင်းသိရသည်။

ကလောဥ(ပလောဥ)ပိဿာတစ်ရာကို ကလောအမှုန့် အချိန် ၃၀ ထွက်ပါတယ်။ လာမယ့်နှစ်တော့ ဈေးကွက်အခြေအနေက ဘယ်လိုလာဦးမလဲ မသိသေးဘူး။ ဒီဒေသတဝိုက်မှာက ကလောစိုက်ပျိုးသူလည်း များတယ်ဟု ဦးသန်းလတ်က ဆက်လက်ပြောသည်။

ပလောပီနံကို ရောဝတီတိုင်းဒေသကြီးရှိ ကျုံပျော်၊ ကျောင်းကုန်း၊ အထောင် ဒေသများတွင် အများဆုံး စိုက်ပျိုးနေပြီး စိုက်ပျိုးသူများမှ ပလောပီနံဥကို အခြောက်ခံကာ အမှုန့်ပြုလုပ်၍ ရန်ကုန်ရှိပွဲရုံများသို့ တင်ပို့ရောင်းချခြင်းဖြစ်သည်။

**Source:** https://greenwaymyanmar.com/posts/face_difficult_cassava_farmers

## နိုင်ငံတကာ လေကြောင်းလိုင်းများ အောက်တိုဘာ၌ ပြန်ဆင်းခွင့်ပြုဖွယ်ရှိ




နိုင်ငံတကာ လေကြောင်းလိုင်းများ မြန်မာနိုင်ငံသို့ ဆင်းသက်ခွင့်ကို လာမည့်အောက်တိုဘာလခန့်မှသာ ပြန်လည်စတင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ဇူလိုင်လ ၇ ရက်က ပြုလုပ်သည့် အမျိုးသား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၀) အစည်းအဝေးတွင် နိုင်ငံတကာ လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲခြင်းနှင့် လေဆိပ်များပြန်လည် ဖွင့်လှစ်ခြင်းကို ယခုနှစ် တတိယ ၃ လပတ် နောက်ပိုင်းမှသာ မျှော်လင့်နိုင်ကြောင်း ဒုသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောသည်။

ခရီးသွားလာရေးလုပ်ငန်းများအတွက် ပြန်လည်စတင်ဖွင့်လှစ်ခြင်းအဆင့်ကို အောင်မြင်စွာဆောင်ရွက်နိုင်ပါက အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများသို့ ခရီးသွားလုပ်ငန်းဆိုင်ရာ ကြော်ငြာခြင်းများပြုလုပ်သွားမည်ဖြစ်ပြီး၊ တိုက်ရိုက်

လေကြောင်းရှိသည့် ထိုင်း၊ ဗီယက်နမ်နိုင်ငံများနှင့်လည်း အပြန်အလှန် ခရီးသွားလာရေးဆိုင်ရာ နှစ်နိုင်ငံ သဘောတူညီချက် (Travel Bubble) လုပ်ဆောင်သွားမည် ဖြစ်ကြောင်းနှင့် COVID 19 ကို ထိန်းချုပ်နိုင်နေပြီ ဖြစ်သည့် ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဟောင်ကောင်၊ မကာအိုတို့ကို တိုးချဲ့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကပ်ရောဂါ COVID 19 ကြောင့် နိုင်ငံတကာလေကြောင်းလိုင်းများ ဆင်းသက်ခွင့်ကို မတ်လ ၃၁ ရက်ကမှ စတင် ပိတ်ထားခဲ့ပြီး COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လက်ရှိကြေညာထားချက်အရ ဇူလိုင်လ ၃၁ ရက်အထိ ပိတ်ထားလျက်ရှိသည်။

ယင်းသို့ လေကြောင်းလိုင်းများ ပြန်လည်ဖွင့်လှစ်ခွင့် မပြုသေးသည့်အပေါ် ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများက ဝေဖန်ပြောဆိုကြသည်။အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) ၏ အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းက "အောက်တိုဘာလလောက်အထိဆိုရင် လေကြောင်းလိုင်းတွေရော၊ လေဆိပ်ကုမ္ပဏီရော ခရီးသွားလုပ်ငန်းတွေရော အကုန်ယိုင်လဲ ပြိုကွဲသွားနိုင်တဲ့ အနေအထား ရှိသွားမှာပေါ့" ဟု ဧရာဝတီသို့ပြောသည်။

လေကြောင်းလိုင်း လုပ်ငန်းများသည် နိုင်ငံတကာနှင့် ချိတ်ဆက် လုပ်ဆောင်ရသည့် လုပ်ငန်းဖြစ်သည့် အတွက် နိုင်ငံတကာတွင် လုပ်ဆောင်နေပြီဖြစ်သော လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ဆောင် ကြရမည်ဖြစ်ပြီး အခြားနိုင်ငံများ ပြန်လည်ဖွင့်လှစ်နေချိန်တွင် မိမိတနိုင်ငံတည်း ပိတ်ထား၍ မရ ကြောင်း ၎င်းက ပြောဆိုသည်။ ၎င်းက "ကိုယ့်တနိုင်ငံတည်း ပိတ်ထားလို့လည်း မရဘူးလေ။ နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး လုပ်ရမှာဖြစ်တဲ့အတွက် ဒုသမ္ဘတရဲ့အခုလို မှတ်ချက်က အချိန်စောပြီး ပြောလိုက်တယ်လို့ မြင်တယ်" ဟု ဆိုသည်။

ဒေသတွင်း နိုင်ငံတချို့သည် ၎င်းတို့ နိုင်ငံသို့ လာရောက်မည့်သူများကို ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်များ တောင်းခံခြင်း၊ ကျန်းမာရေး အာမခံများ ထားရှိစေခြင်း၊ လေဆိပ်များတွင် COVID 19 ရောဂါပိုး စစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်းများထားရှိခြင်း အစရှိသည့် လုပ်ဆောင်ချက်များဖြင့် လေဆိပ်များကို ပြန်လည် ဖွင့်လှစ်ထားခြင်းနှင့် ခရီးသွားများ လက်ခံမည့် အစီအစဉ်များကိုလည်း လုပ်ဆောင်လျက် ရှိသည်။

ပြီးခဲ့သည့် ဇွန် ၂၇ ရက်က ဗီယက်နမ်နိုင်ငံမှဦးဆောင်၍ အွန်လိုင်းမှပြုလုပ်သော ၃၆ ကြိမ်မြောက် အာဆီယံ ထိပ်သီး ဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေးများတွင် ထိုင်းဝန်ကြီးချုပ် ပရာယွဒ် ချန်အိုချာက ကိုဗစ်အလွန် တွင် အာဆီယံနိုင်ငံများ အနေဖြင့် ဒေသတွင်း ခရီးသွားလုပ်ငန်းများကို ပြန်လည်စတင်ဖို့ တိုက်တွန်းပြောကြား ခဲ့ကြောင်း Bangkok Post သတင်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနောင်နောင်ဟန်က " COVID 19 အမြစ်ပြတ်သွားဖို့ကို ကျနော်တို့ စောင့်နေလို့ မရတော့ဘူးလို့ ထင်တယ်။ အမြစ်ပြတ်သွားမှဆိုရင် ကျနော်တို့ ခရီးသွား လုပ်ငန်းတွေက လုပ်စားဖို့ကို မရှိတော့ ဖြစ်သွားလိမ့်မယ်။ ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်းတို့ ကမ္ဘောဒီးယားတို့ဆိုရင် လာမယ့်ဧည့်သည်ကို တားဆီးတာမျိုး မဟုတ်တော့ဘဲနဲ့ လာမည့်ဧည့်သည်ကို လိုအပ်တဲ့ ထိန်းချုပ်မှု လုပ်မယ်ဆိုတဲ့ ပုံစံမျိုးပဲကို နိုင်ငံတွေက အကုန်သွားနေကြပြီ" ဟု ပြောဆိုသည်။

လက်ရှိအချိန်၌ပင် ခရီးသွားလုပ်ငန်းများသည် ရပ်တည်နိုင်ရန် ခက်ခဲစွာ ရပ်တည်နေရပြီး ယခုလို နှစ်ကုန်ပိုင်းခန့်မှသာ လေကြောင်းလိုင်းများ ပြန်လည် ဖွင့်လှစ်သွားမည်ဆိုပါက ခရီးသွားလုပ်ငန်း အများစုများ ပိတ်သိမ်းသွားရဖွယ်ရှိကြောင်း ၎င်းက ဆိုသည်။ ယခုကဲ့သို့ မြန်မာနိုင်ငံသို့ နိုင်ငံတကာ လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲခြင်းနှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို မေးမြန်းရာတွင် ဆက်သွယ်၍မရပေ။

လတ်တလောတွင် မြန်မာနိုင်ငံအနေဖြင့် ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေး လေယာဉ်များ၊ ကျန်းမာရေး လုပ်ငန်းဆိုင်ရာ လေယာဉ်များနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ထောက်ခံချက် ပေးထားသော အထူးလေယာဉ်များကို ဆင်းသက်ခွင့်ပြုထားခြင်းအပြင် ပြည်တွင်းလေကြောင်း ခရီးစဉ်များကို ပြန်လည် ပြေးဆွဲခွင့် ပေးထားလျက် ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် COVID 19 ရောဂါကြောင့် အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများတွင် ပိတ်မိနေသော မြန်မာနိုင်ငံသားများကို ထိုင်း၊ စင်ကာပူ၊ အိန္ဒိယနှင့်ကိုရီးယားနိုင်ငံများကို ဆုံရပ်နိုင်ငံများအဖြစ်သတ်မှတ်ပြီး ကူညီ

ကယ်ဆယ်ရေးခရီးစဉ်များဖြင့် ပြန်လည်ခေါ်ယူပေးလျက်ရှိသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဇူလိုင် ၈ ရက်နောက်ဆုံးထုတ်ပြန်ထားချက်အရ မြန်မာနိုင်ငံတွင် ရောဂါပိုးတွေ့ရှိသူ ၃၁၆ ဦး ရှိပြီး ပြန်လည်ပျောက်ကင်းသက်သာသူ ၂၅၀ ဦးအထိရှိကြောင်းသိရသည်။

**Source:** https://burma.irrawaddy.com/news/2020/07/10/226020.html

## COVID-19 ရန်ပုံငွေကျပ်ဘီလီယံ ၁၀၀ မှ SME လုပ်ငန်းများသို့ အများဆုံးချေးငွေပေး



COVID-19ကြောင့်ထိခိုက်ခဲ့သော စီးပွားရေးလုပ်ငန်းများကို အစိုးရ၏ ပထမ အကြိမ်ငွေကြေးထောက်ပံ့မှုတွင် စားသောက်ဆိုင်၊ လူသုံးကုန်ထုတ်လုပ်ရေး လုပ်ငန်းများအပါအဝင် အသေးစားနှင့် အလတ်စား လုပ်ငန်းများက ချေးငွေအများဆုံးရရှိခဲ့သည်။

အစိုးရ၏ COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ သတင်းထုတ်ပြန်ချက်အရ ယင်းလုပ်ငန်းများက ပထမအကြိမ် အစိုးရချေးငွေ၏ ၇၀ ရာခိုင်နှုန်းခန့် အထောက်အပံ့ရရှိခဲ့ခြင်းဖြစ်သည်။ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့်လုပ်ငန်း ၃,၃၉၃ ခုကို ချေးငွေ ခုနစ်ကြိမ်ခွဲ၍ ထုတ်ချေးခဲ့ပြီး အထည်ချုပ် (CMP) ကဏ္ဍမှ အရေအတွက် ၄၅ ခုဖြင့် ကျပ် ၆ ဒသမ ၃ ဘီလီယံ၊ အခြား CMP လုပ်ငန်းနှစ်ခုအတွက် ကျပ် ၇၅ သန်း၊ ဟိုတယ်ကဏ္ဍမှ လုပ်ငန်း ၃၄၀ အတွက် ချေးငွေ ၁၅ ဘီလီယံကျော် ထုတ်ပေးခဲ့သည်။ အလားတူခရီးသွားကဏ္ဍမှလုပ်ငန်း ၂၃၆ ခုအတွက် ကျပ်သုံးဘီလီယံကျော်၊ စားသောက်ဆိုင် ၂၀၀ ကျော်အတွက် ကျပ်ငါးဘီလီယံကျော်နှင့် စားသောက်ကုန်၊ လူသုံးကုန်၊ အထွေထွေ ကုန်ပစ္စည်း ထုတ်လုပ်ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်း ၂,၅၅၀ အတွက် ကျပ်ဘီလီယံ ၇၀ ကျော် ချေးယူခွင့်ပြုခဲ့သည်။

ပထမအကြိမ် ချေးယူခွင့်ပြုခဲ့သည့် ကျပ်ဘီလီယံ ၁၀၀ အသုံးပြုခဲ့ပြီးဖြစ်သည့်အတွက် COVID-19 ရန်ပုံငွေသို့ ကျပ်ဘီလီယံ ၁၀၀ ထပ်မံဖြည့်တင်းမည်ဟု အစိုးရက ဇူလိုင် ၃ ရက်တွင်ထုတ်ပြန်ထားသည်။

ဆက်လက်ထုတ်ချေးမည့် ချေးငွေများအတွက် လျှောက်ထားနိုင်သည့် လုပ်ငန်းအမျိုးအစားများ၊ ချေးငွေ အတိုးနှုန်းနှင့် ချေးငွေသက်တမ်းစသည့် စည်းကမ်းသတ်မှတ်ချက်များကို ကော်မတီမှ ထုတ်ပြန်ပေးသွားမည်ဖြစ် သည်။

ဒုတိယအကြိမ်ချေးငွေကျပ် ဘီလီယံ ၁၀၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် တိုးမြှင့်ထုတ်ချေးပေးရန် စီစဉ်ထားပြီး CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများနှင့် စားသောက်ဆိုင်များကိုပါ တိုးချဲ့ထုတ်ချေးပေးနိုင်ရေး စီစဉ်နေကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

COVID-19 ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီသည် ထိခိုက်မှုများရှိနေသော စီးပွားရေးလုပ်ငန်းများအား လိုအပ်သည့်ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးနိုင်ရေး စီးပွားရေးထိခိုက်မှုအများဆုံးခံခဲ့ရသည့် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများသို့ ဧပြီ ၉ ရက်ကစ၍ ချေးငွေများထုတ်ချေးခဲ့သည်။

**Source:** https://7day.news/detail?id=191702

## မြန်မာ့ရွှေ ဝယ်သင့်ပြီလား



ကိုဗစ်ကာလအတွင်း ရွှေဈေးကွက်ဟာ အေးစက်နေပါတယ်။ ဈေးကွက်အတွင်း သိသိသာသာ ဝယ်လိုအားကျဆင်းနေတာတွေ့ရပြီး ရွှေဆိုင်အများစုမှာလည်း အရောင်းထက်ပြန်အဝယ်က ပိုများနေပါတယ်။ အိမ်နီးနားချင်းနိုင်ငံတွေမှာလည်း ရွှေဝယ်လိုအားရပ်နေတာကြောင့် မြန်မာရွှေဈေးဟာ ကမ္ဘာ့ရွှေဈေးနဲ့တွက်မယ်ဆိုရင် ကျပ် ၈၀၀၀၀ ဝန်းကျင်လောက် လျော့နည်းတာကိုတွေ့ရပါတယ်။

ကမ္ဘာ့ရွှေဈေးကတော့ uptrend အတက်လားရာအတိုင်းပီပီပြင်ပြင်ရှိနေပြီး တစ်အောင်စ ဒေါ်လာ ၁၈၀၀ ဈေးတန်းကို ဖောက်တက်ဖို့အားယူနေပါတယ်။ လက်ရှိမှာတော့ ကမ္ဘာ့ရွှေဈေးဟာ ၁၁ နှစ် ကာလအတွင်း အမြင့်ဆုံးဈေးဖြစ်နေပြီး မနေ့ညကတော့ ၁၇၉၅ ဒေါ်လာမှာ ဈေးပိတ်ခဲ့ပါတယ်။

တစ်ကျပ်သားကို ကျပ် ၁၂၈၀၀၀ ဝန်းကျင်မှာ တစ်လနီးပါးငြိမ်နေတဲ့မြန်မာရွှေဈေးဟာ ကမ္ဘာ့ရွှေဈေး အတက်ကြမ်းပေမယ့် ပြည်တွင်းဒေါ်လာဈေးအေးနေတာကြောင့် မနေ့က တစ်ကျပ်သား ၁၂၃၀၀၀ ကျပ်ဈေး ဝန်းကျင်အထိသာ တက်ခဲ့တာကိုတွေ့ရပါတယ်။

ဒီရက်ပိုင်းတွေမှာဒေါ်လာသန်းနဲ့ချီ ဗဟိုဘဏ်က ခံဝယ်နေတာကြောင့် ဒေါ်လာဈေးဟာ လတ်တလောမှာ အမေရိကန် တစ်ဒေါ်လာ ၁၃၅၀ ကျပ်အောက် ဖောက်ဆင်းဖို့ခက်ခဲမယ့်အနေအထားမှာရှိနေပြီး ကမ္ဘာ့ရွှေဈေး ကလည်း ၁၈၀၀ ဒေါ်လာတန်းကို ထိုးဖောက်အားယူနေတဲ့အနေအထားကြောင့် ပြည်တွင်းရွှေဈေးဟာ လတ်တလောအတက်ဘက်မှာ အားသာနေပါတယ်။

ဒါပေမယ့် ပြည်ပဈေးငွေတွေ ဒေါ်လာဘီလျံနဲ့ချီဝင်ဖို့ရှိနေပြီး ဗဟိုဘဏ်ရဲ့ဒေါ်လာဝယ်လိုအားကလည်း ဘယ်လောက်အထိရှိမလဲဆိုတာတွေကြောင့် ရွှေဈေးဟာရေရှည်အတက်သွားဖို့တော့ စောင့်ကြည့်ရဦးမှာဖြစ် ပါတယ်။

**Source:** https://www.kumudranews.com/news-38127

## ကိုရိုနာကူးစက်ရောဂါထိန်းချုပ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အကြား ဟန်ချက်ညီစေရန် ဆွေးနွေးခဲ့

တုပ်ကွေးရောဂါ တိုက်ဖျက်ရေး ကျွမ်းကျင်သူများကောင်စီလက်အောက်တွင် ဂျပန်အစိုးရက ဖွဲ့စည်းတည်ထောင်ထားသည့် "ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါထိန်းချုပ်ရေးဆပ်ကော်မတီ" ၏ ပထမအကြိမ်အစည်းအဝေးကို ဇူလိုင်လ ၆ ရက်နေ့တွင် မြို့တော်တိုကျိုတွင် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ကူးစက်ရောဂါ ထိန်းချုပ်ရေး ကျွမ်းကျင်သူများအပြင် စီးပွားရေး ကျွမ်းကျင်သူများနှင့် ဒေသန္တရအစိုးရအရာရှိများသည် ကူးစက်ရောဂါထိန်းချုပ်မှုနှင့် လူမှုစီးပွားရေးလှုပ်ရှားမှုများကို ဟန်ချက်ညီစေရန်၊ စစ်ဆေးရေးနည်းစနစ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါဆပ်ကော်မတီသည် စီးပွားရေးပညာရှင်များ၊ အလုပ်သမားသမဂ္ဂခေါင်းဆောင်များ နှင့် စီရင်စုအုပ်ချုပ်ရေးမှူးများ အပါအဝင် လူဦးရေ ၁၈ ဦးဖြင့် ဖွဲ့စည်းထားရှိကြောင်း သိရပါသည်။ အစည်းအဝေးတွင် ဒေသဆိုင်ရာ ကျန်းမာရေးပိုင်းမြှင့်တင်ရေးအဖွဲ့ ဥက္ကဋ္ဌ Mr. Shigeru Omi က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးတွင် တိုကျိုမြို့နှင့် အခြားဒေသများရှိ ရောဂါကူးစက်မှု အခြေအနေကို စစ်ဆေးရန်၊ ပွဲလမ်းသဘင်အခမ်းအနားများအတွက် ကန့်သတ်ချက်များကိုလျှော့ချခြင်းဖြင့် စီးပွားရေးလုပ်ဆောင်မှုများကို တဖြည်းဖြည်း မြှင့်တင်ပေးရန်၊ PCR နှင့် Antigen စမ်းသပ်မှုဆိုင်ရာ မဟာဗျူဟာအား ချဲ့ထွင်ရန်၊ အစုအဝေး (Cluster) (ရောဂါကူးစက်ခံထားရ သူများ) ကို ရှာဖွေဖော်ထုတ်ရန်စသည့်ကိစ္စရပ်များနှင့် ဆက်စပ်မှုရှိသောအချက်အလက်များစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းစသည့်တို့ကို ပြုလုပ်သွားရန် ဆွေးနွေးခဲ့ကြပါသည်။

ယင်းအစည်းအဝေး၏အစတွင် စီးပွားရေးပြန်လည်ရှင်သန်လာရေးဝန်ကြီး နီရှီမူရာက ရောဂါကူးစက်ပြန့်ပွားမှု ဒုတိယလှိုင်းအတွက် ကြိုတင်ပြင်ဆင်ရန်၊ ရောဂါစမ်းသပ်မှု၏ မဟာဗျူဟာအားချဲ့ထွင်ရန်၊ အစိုးရအနေဖြင့် ဆပ်ကော်မတီ၏ အမြင်ကို နားထောင်၍ ကူးစက်ရောဂါထိန်းချုပ်ရေးနည်းလမ်းများကို ဆက်လက်လုပ်ဆောင်လိုကြောင်းနှင့်ပွင့်လင်းသော ဆွေးနွေးမှုဖြစ်စေလိုကြောင်း နှုတ်ခွန်းဆက်စကားတွင် ပြောကြားသွားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## ဂျပန်နိုင်ငံ၊ အနောက်တောင်ပိုင်းရှိ ဆိုးရွားသော ရေလွှမ်းမိုးမှုများသည် ကျူးရှူးကျွန်းအခြေစိုက် စက်မှုလုပ်ငန်းများအပေါ် ပြင်းထန်စွာထိခိုက်ခဲ့

ဂျပန်နိုင်ငံ၊ အနောက်တောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စက်ရုံများအတွင်း ရေများဝင်ရောက်ခြင်း၊ လျှပ်စစ်

ခေတ်အားပြတ်တောက်ခြင်းနှင့် လမ်းများရေဖုံးလွှမ်းပျက်စီးခြင်းစသည်တို့ကြောင့် ဇူလိုင်လ ၇ အစပြု၍ ကျူးရှူးကျွန်းပေါ်ရှိ စက်ရုံများကိုပိတ်သိမ်းရန် တိုက်တွန်းခဲ့ကြောင်းသိရပါသည်။

ဂျပန်အနောက်ပိုင်းနှင့်အလယ်ပိုင်းဒေသများတွင်လည်း ဇူလိုင်လ ၈ ရက်နေ့မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်နိုင်ပါကြောင်း၊ အိုဆာကာနှင့်နာဂိုယာဒေသများတွင် ပိုမိုထိခိုက်နိုင်ပါကြောင်း၊ စက်ရုံ/အလုပ်ရုံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက သတိပေးချက်ထုတ်ပြန်ထားပါသည်။

ပိတ်သိမ်းရန် ကျန်ရှိနေသည့် ဖူကူအိုကာ စီရင်စုရှိ တိုရိုတာမော်တာ၏ စက်ရုံ ၃ ရုံကို ဇူလိုင်လ ၇ ရက်နေ့က ပိတ်သိမ်းရန် ထပ်မံတိုက်တွန်းနိုးဆော်ထားကြောင်း သိရပါသည်။ အဆိုပါ စက်ရုံများသည် Lexus ဇိမ်ခံကားအမျိုးအစားများနှင့် ဂျပန်နိုင်ငံ၏ အခြားသော ထိပ်တန်း အော်တို ကားများကို ထုတ်လုပ်နေသည့် စက်ရုံများ ဖြစ်ကြပါသည်။ တိုရိုတာမော်တာ၏ လက်အောက်ခံ စက်ရုံအခွဲတစ်ခုဖြစ်သည့် Daihatsu Motor သည်လည်း ၎င်း၏ ထုတ်လုပ်မှုများကို ရပ်ဆိုင်းထား ကြောင်းသိရပါသည်။

ရေကြီးမှု၊ မြေပြိုမှုများကြောင့် ကျူးရှူးကျွန်းပေါ်ရှိ စက်ရုံအများစုမှာ ပိတ်သိမ်းထားပြီး လူပေါင်း ၅၀ ဦးကျော် အသက် ဆုံးရှုံးခဲ့ရကြောင်း သိရပါသည်။ ကျူးရှူးကျွန်းသည် ဂျပန်နိုင်ငံ၏ အထင်ကရကုန်ထုတ်လုပ်ငန်းများ အခြေစိုက်ရာနေရာဖြစ်ပြီး ၂၀၁၆ ခုနှစ်က အင်အားကြီးငလျင်ဒဏ်ကိုပါခံစားခဲ့ရသည့် ဒေသတစ်ခုလည်းဖြစ်ပါသည်။

ဖူကူအိုကာစီရင်စု၊ မြို့တော် အိုမုတာရှိ Mitsui Mining & Smelting စက်ရုံသည် ရေလွှမ်းမိုး မှုဒဏ်ကို ဆိုးရွားစွာ ခံစားခဲ့ရကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် ထရန်စဖော်မာစက်ရုံသည် အလုပ် မလုပ်နိုင်တော့ဘဲ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ကြုံတွေ့နေရကြောင်း သိရပါသည်။ ထို့ အပြင် ဖူကူအိုကာစီရင်စုရှိ အိမ်သာသုံးပစ္စည်းများ ထုတ်လုပ်သည့် Toto ကုမ္ပဏီမှ စက်ရုံသည် လည်း ရေလွှမ်းမိုးမှုကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ပြီး ထုတ်လုပ်မှုရပ်ဆိုင်းခဲ့ရပါ ကြောင်းဆိုပါသည်။

ဒစ်ဂျစ်တယ်ကင်မရာများထုတ်လုပ်သည့် Canon ကုမ္ပဏီ၏ နာဂါစာကီမြို့ရှိ စက်ရုံသည်လည်း လုပ်သားများ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် လုပ်ငန်းလည်ပတ်မှု ရပ်နားထားရပါ ကြောင်း၊ ခူမာမိုတိုစီရင်စုရှိ Panasonic ကုမ္ပဏီ၏ လျှပ်စစ်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ် သည့် စက်ရုံသည်လည်း ထုတ်လုပ်မှုများအားလုံး ရပ်ဆိုင်းထားရပါကြောင်း သိရပါသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ချောင်းများအတွင်း ရေလျှံခြင်း၊ မြေပြိုခြင်း၊ ရေကြီးခြင်းများ ဖြစ်ပေါ် နေသည့်အတွက် ဂျပန်နိုင်ငံ၏ စာတိုက်နှင့် ပို့ဆောင်ရေးလုပ်ငန်းများ ဖြစ်ကြသည့် Japan Post ၊ Nippon Express နှင့်Yamato Transport လုပ်ငန်းများအားလုံး ရပ်တန့်နေကြောင်း သိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## အီးယူအနေဖြင့် no-deal Brexit အတွက် ပြင်ဆင်ထားရမည်ဖြစ်ကြောင်း အိန်ဂျလာမာကယ်ပြောကြားခဲ့ခြင်း

ဥရောပသမဂ္ဂအနေဖြင့် ဗြိတိန်နှင့် ညှိနှိုင်းဆွေးနွေးမှုများမှ သဘောတူညီချက် ရရှိရေး မသေချာသည့်အခြေအနေအတွက် ပြင်ဆင်ထားရမည်ဖြစ်သည်ဟု ဂျာမနီနိုင်ငံ၏ အဓိပတိဖြစ်သူ အိန်ဂျလာမာကယ်လ်က သတိပေးပြောကြားခဲ့ကြောင်း၊ အီးယူနှင့် ဗြိတိန်တို့အကြား ညှိနှိုင်းဆွေးနွေးမှုများသည်အကန့်အသတ်ဖြင့်သာတိုးတက်မှုရှိနေကြောင်း၊ ၎င်းအနေဖြင့် ကောင်းမွန်သော ဖြေရှင်းမှုတစ်ရပ်ရရှိရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သော်လည်း အီးယူအနေဖြင့် သဘောတူညီမှုလုံးဝမရရှိသည့် အခြေအနေအတွက်ကို ပြင်ဆင်ထားသင့်သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဂျာမနီနိုင်ငံသည် အီးယူကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် ပြီးခဲ့သည့် ဇူလိုင်လ ၁ ရက်နေ့က စတင်တာဝန် ထမ်းဆောင်ခဲ့ပြီဖြစ်သဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် ဗြိတိန်နိုင်ငံတို့အကြား အပြီးသတ်ညှိနှိုင်းဆွေးနွေးမှုများအတွက် အီးယူ အဖွဲ့ဝင်များအကြား ညှိနှိုင်းဆောင်ရွက်မှုတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်နေခြင်းဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဗြိတိန်ခွဲထွက်မှုကိစ္စရပ် (Brexit) အတွက် လက်ရှိအကူးအပြောင်းကာလကို ထပ်မံတိုးမြှင့်ရန်ငြင်းဆို ထားမှုကြောင့် အီးယူနှင့်ဗြိတိန်နိုင်ငံတို့အနေဖြင့် နှစ်ဘက်အကြားကုန်သွယ်မှု၊ လုံခြုံရေးနှင့်နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အနာဂတ် ဆက်ဆံရေးအပေါ် ယခုနှစ် ဒီဇင်ဘာလကုန်မတိုင်မီ အပြီးသတ်သဘောတူညီမှု ရရှိအောင်ဆောင်ရွက်ခြင်း (သို့မဟုတ်)

သဘောတူညီမှုမရသည့်အခြေအနေ(no-deal scenario) အတွက် ပြင်ဆင်ခြင်းတို့ကို မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

မည်ကဲ့သို့သော သဘောတူညီမှုမျိုးရရှိသည်ဖြစ်စေ အီးယူအဖွဲ့ဝင်နိုင်ငံအစိုးရများ၊ ဗြိတိန်ပါလီမန်နှင့် ဥရောပ ပါလီမန်တို့က တရားဝင်အတည်ပြုခြင်းလုပ်ငန်းစဉ်ကို အကူးအပြောင်းကာလ မကုန်ဆုံးမီဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သဖြင့် အီးယူနှင့် ဗြိတိန်နိုင်ငံတို့အကြား သဘောတူညီချက် ရရှိရေးကိစ္စရပ်၏ နောက်ဆုံးအခြေအနေကာလမှာ ယခုနှစ် အောက်တိုဘာလ နှောင်းပိုင်းဖြစ်မည်ဟု ယုံကြည်ထားကြောင်း ဂျာမနီနိုင်ငံမှအရာရှိများကပြောကြားခဲ့ကြောင်း၊ လာမည့် ဆောင်းဦးရာသီတွင် သဘောတူညီမှုရရှိရေးရည်ရွယ်ချက်ဖြင့် ဇူလိုင်လတွင် စေ့စပ်ညှိနှိုင်းမှုများကို အရှိန်မြင့် ဆောင်ရွက်သွားရန်ကိစ္စအပေါ် အီးယူနှင့် ဗြိတိန်နိုင်ငံတို့အကြား ဇွန်လအတွင်းကကျင်းပခဲ့သည့် အဆင့်မြင့်အရာရှိအစည်းအဝေး၌ နှစ်ဘက်ခေါင်းဆောင်များက သဘောတူညီခဲ့မှုကို ကြိုဆိုသည်ဟု ဂျာမနီအဓိပတိ အိန်ဂျလာမာကယ်လ်ကပြောကြားခဲ့ကြောင်း Politico ၏ ၁-၇-၂၀၂၀ နေ့စွဲဖြင့် သတင်းဖော်ပြချက်အရ သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## STOCK EXCHANGE (10.7.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 10th Jul. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 10,500 | 10,500 | 434 | 4,557,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,800 | 3,850 | 3,750 | 877 | 3,317,700 | 38,929,150 | 149,877 |
| MCB | 00003 | 8,200 | +100 | +1.23% | 8,200 | 8,200 | 8,200 | 21 | 172,200 | 10,400,986 | 85,288 |
| FPB | 00004 | 22,500 | -500 | -2.17% | 23,000 | 23,000 | 22,500 | 200 | 4,570,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 115 | 316,250 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 157 | 423,900 | 19,977,223 | 53,939 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 446.70 | +1.18 | +0.26% | 446.22 | 446.70 | 444.09 | 1,804 | 13,357,550 | 6 | 664,673 |

**Index chart**



# Market Overview

As of 1:00 pm, 10th Jul. 2020

| MYANPIX | 446.70 ▲ 1.18 |
|---|---|
| Total Volume (shares) | 1,804 |
| Total Value (MMK) | 13 mil |
| Listed Company | 6 |
| Market Cap. (MMK) | 664,673 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,200 | ▲ 100 |
| FPB | 00004 | 22,500 | ▼ 500 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |

TIR